**Highlights from DVB Debate's** citizen rights

# Who protects the rights of citizen?

နိုင်ငံသားအခွင့်အရေးကို ဘယ်သူတွေ ကာကွယ်မလဲ?

"ဒီကနေ့အစိုးရဟာ ပြည်သူ့နီတိမတတ်ဘူး။ပြည်သူ့အခွင့်အရေးကိုကာကွယ်နိုင်ဖို့ပြည်သူ့နီတိတွေကို အာဏာပိုင်တွေ အရင်သင်သင့်တယ်။"

**ဦးသန့်ဇင်၊ အထွေထွေအတွင်းရေးမှူး (ဇာမဏီ အုပ်ချုပ်ရေးပညာပြန့်ပွားရေးအသင်း)**

---

"ငြိမ်းစုစီပြင်ဆင်ခြင်းဟာ ပြည်သူလူထုရဲ့ဆန္ဒပြခွင့်ကိုပိတ်ပင်လိုက်တာမဟုတ်ပါဘူး။ ပြည်သူတွေကို စော်ကားမှုတစ်ခုဖြစ်တဲ့ အခကြေးငွေပေးပြီးတော့ တံစိုးလက်ဆောင်ပေးပြီးတော့ ဆန္ဒပြဖို့ကိစ္စအတွက် စည်းရုံးသိမ်းသွင်းသွားတဲ့ ကိစ္စတွေကို ကန့်သတ်မှုတစ်ခုအနေနဲ့ လောက်ပဲ ပြင်လိုက်တာပါ "

**ဦးညီညီ ( ရန်ကုန်တိုင်းဒေသကြီး၊ လွှတ်တော်ကိုယ်စားလှယ် )**

---

"ငြိမ်းစုစီပြင်လိုက်တာကို ခြွင်းချက်အနေနဲ့ ထောက်ခံတယ်။ အတုယောင်ဆန္ဒပြပွဲတွေနဲ့ စင်ပေါ်တက် ဆဲလိုဆဲ၊ ပုဂ္ဂိုလ်ရေးတိုက်ခိုက်လိုတိုက်ခိုက်၊ ဒီလို အစိုးရကိုဖြုတ်ချဖို့ တိုင်းပြည်သူပုန်ထအောင် လုပ်နေတဲ့လုပ်ရပ် တွေဆို ခွင့်ပြုလို့မရဘူး။ ခိုးထားတဲ့ခရိုနီသူခိုးတွေက ပိုက်ဆံထောက်ပံ့ပြီးတော့ တိုင်းပြည်ကို ကမောက်ကမဖြစ်အောင် လုပ်နေတယ်။ ဒါကို ပရိတ်ကြီးတားသလိုတားထားပါ။"

**ရောဘတ်စန်းအောင်( တရားလွှတ်တော်ရှေ့နေ )**

---

" နိုင်ငံသားတိုင်းရဲ့ တန်းတူအခွင့်အရေး သက်ရောက်မှုမရှိခြင်းဟာ ဖွဲ့ စည်းပုံအခြေခံ ဥပဒေရဲ့ ကန့် သတ်ချက်ကြောင့်ပဲဖြစ်တယ်။ "

**မမီးမီး (၈၈ ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့ အဖွဲ့ အစည်း )**

---

" ဒီမိုကရေစီအစိုးရလက်ထက်မှာ နိုင်ငံသားအခွင့်အရေးတွေ နိုင်ငံရေးအခွင့်အရေးတွေ ရဖို့ မျှော်လင့်ခဲ့ကြတယ်။ ကယားပြည်နယ်မှာ သင်တန်းတစ်ခုလုပ်ဖို့ ၁၀ရက်ကြိုပြီး ခွင့်ပြုချက်ကို တောင်းခံရတယ်။ ခုဆို စစ်အစိုးရလက်ထက်နီးပါး ကျနော်တို့ အခွင့်အရေးတွေ ပြန်ကြပ်လာခဲ့တယ် "

ပရိသတ် ၊ ကျော်ထင်အောင် (လွိုင်ကော်မြို့နယ် )

---

"ကိုယ့်ထမင်းကိုယ်စားပြီးတော့လုပ်တဲ့ ဆန္ဒပြပွဲတွေမှာ ဘေးကနေ ပြည်သူကစေတနာရှိလို့ ရေဘူးလေး ကမ်းရင်တောင် အလှူရှင်တွေအတွက် ထောင် ၃ နှစ်ကျနိုင်လား မေးချင်ပါတယ်။"

ပရိသတ် ။ အမျိုးသမီးရေးလှုပ်ရှားသူတစ်ဦး (သန်လျင်)

---

"အသစ်ပြဌာန်းလိုက်တဲ့ ငြိမ်းစုစီပြင်ဆင်ချက်ဟာ ဒီမိုကရေစီအမည်ခံပြီး အာဏာရှင်လူတန်းစားတစ်ရပ် ဖော်ထုတ်ချင်တဲ့ဥပဒေလား ။ ဒါမှမဟုတ် ၂၀၂၀ ရွေးကောက်ပွဲအောင်နိုင်ရေးအတွက်လားလို့ မေးချင်ပါတယ်။ "

ပရိသတ်။ ဦးစိုးမင်းသန်း (ပုဇွန်တောင် ကြံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)

---